


# လူထုအများစုလိုက်ပါနိုင်မယ့်နည်းလမ်းညွှန်ပြဖို့(သို့မဟုတ်)ဆန့်ကျင်မဲ ရဲရဲပေးကြဖို့

တူမောင်ညို
(၂၀၀၈ ခုနှစ်၊ မတ်လ ၁၂ ရက်)

ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် က 'အကောင်းဆုံးမျှော်လင့်ပြီး အဆိုးဆုံးအတွက်အသင့်ပြင်ထားကြဖို့' ရတဲ့ အခိုက်အတန့်ကာလကလေးမှာ ကျနော်တို့ပြည်သူများကို သတိပေးနှိုးဆော်သွားခဲ့ပါတယ်။

ယခု ကျနော်တို့အတွင်းမှာ တချို့က (နအဖ)စစ်အစိုးရက ပြုလုပ်လာမယ့် မေလ 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ' ကို သပိတ်မှောက်ကြဖို့ ပြောနေပါတယ်။ ကျနော်တို့ဟာ (နအဖ)စစ်အစိုးရ ရဲ့ ၅၄ ဦးကော်မရှင်က အတည်ပြုထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြမယ်ဆိုတဲ့ ဦးတည်ချက်မှာ တစ်စိတ်တည်းတစ်ဝမ်းတည်းရှိကြပေမယ့် ၊ ဘယ်လိုနည်းနာကို သုံးပြီး ပြတ်ပြတ်သားသား ဆန့်ကျင်ကြမလဲ ဆိုတဲ့ကိစ္စမှာတော့ ဟိုလိုဒီလိုဖြစ်နေသေးတယ်။ ဒီလိုဖြစ်နေတာ ကျနော်တို့ အတွက်၊ ကျနော်တို့ ပြည်သူတွေအတွက် ကောင်းတဲ့ကိစ္စမဟုတ်ပါဘူး။

တူညီတဲ့ဦးတည်ချက်ကို ပြတ်သားတဲ့နည်းလမ်းနဲ့ပြည်သူတွေ တစ်စည်းတစ်လုံးတည်း လိုက်ပါဆောင်ရွက်နိုင်အောင် ကျနော်တို့ ပြည်တွင်း ပြည်ပအင်အားစုတွေကတင်ပြနိုင်ဖို့အလွန်အရေးကြီးပါတယ်။ ဒါမှသာ စစ်အာဏာရှင်စနစ်ကိုအားရှိရှိထိုးနှက် တိုက်ခိုက်နိုင်မှာဖြစ်ပါတယ်။

ခေါင်းဆောင်မှုဆိုတာ ရှင်းလင်းပြတ်သားတဲ့ ဦးတည်ချက်ကို ညွှန်ပြနိုင်ရမှာဖြစ်သလို၊ ပြည်သူတစ်ရပ်လုံးကလိုက်ပါ လုပ်ဆောင်ရမယ့်နည်းလမ်းကိုလည်းအချိန်ကိုက်ချပြပေးဖို့လိုအပ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များဟာ ရှင်းလင်းပြတ်သားတဲ့ ဦးတည်ချက်ကိုတော့ အထူးကြေညာချက်များထုတ်ပြန်ပြီးညွှန်ပြထားပါတယ်။

ဒါပေမယ့် ယခုအချိန်အထိ ဘယ်လိုနည်းလမ်းကို ကျင့်သုံးရမယ်ဆိုတာကိုတော့ တိကျစွာချပြပေးခြင်းမရှိသေးပါဘူး။ ဒီလို ထုတ်ပြန်မယ်ဆိုတဲ့ အရိပ်နိမိတ်ပြစကားတွေကိုတော့ ဒီချုပ်ပြောခွင့်ရပုဂ္ဂိုလ်တွေရဲ့ ပြောဆိုချက်တွေထဲမှာ တွေ့မြင်ကြားသိနေရပါတယ်။ အချိန်ကိုက်၊ အချိန်မီထုတ်ပြန်ပေးဖို့လိုပါတယ်။

'ထုတ်ပြောလို့မဖြစ်သေးဘူး/ ထုတ်မပြောနိုင်သေးဘူး' ဆိုရင်တော့ နောက်ကျသွားပါလိမ့်မယ်။

ဒီလိုသာ အချိန်မီထုတ်ပြန်ပေးနိုင်ရင် အထက်မှာပြောခဲ့တဲ့ ကျနော်တို့အတွင်းဟိုလိုဒီလိုဖြစ်နေတဲ့ ဝိဝါဒကွဲမှုတွေလည်း ရပ်ဆိုင်းသွားပါလိမ့်မယ်။

ထို့အပြင် ပြည်သူတွေနဲ့တက်ကြွလှုပ်ရှားသူတွေအဖို့လည်း မိမိတို့လုပ်ဆောင်ရမယ့်နည်းလမ်းကို ပြတ်သားတဲ့သံဓိဋ္ဌာန်နဲ့ ရဲရဲဆောင်ရွက်နိုင်ကြမှာလည်း ဖြစ်ပါတယ်။

မှန်ကန်တဲ့ခေါင်းဆောင်မှုဟာ မိုက်ရူးရဲလုပ်မှု၊ ဆင်ကန်းတောတိုးလုပ်မှုနဲ့ ဘယ်လောက်ခြားနားတယ်ဆိုတာ လူတိုင်းသိပါတယ်။ မှန်ကန်တဲ့ ခေါင်းဆောင်မှုဆိုတာ အကျအဆုံးနည်းနိုင်သမျှနည်းလမ်းကိုသုံးပြီး ရည်မှန်းချက်ပြည့်မြောက်အောင်မြင်အောင်လုပ်ရတာပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့စက်တင်ဘာလူထုအုံကြွမှုမှာ အများစုဖြစ်တဲ့ လယ်သမားတွေ၊ အလုပ်သမားတွေနဲ့မြို့နေဝန်ထမ်းအများစုကြီးပါမလာခဲ့တာကို အားလုံးသိပါတယ်။ ဒီ စက်တင်ဘာအုံကြွမှုကို (နအဖ) စစ်အစိုးရက ပက်ပက်စက်စက်အကြမ်းဖက်ချေမှုန်းခဲ့တာကိုလည်း တကမ္ဘာလုံးက မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။

ဒါကြောင့် ယခု အဆင့် (၄) ဖြစ်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ အများစုဖြစ်တဲ့ လယ်သမားတွေ၊ အလုပ်သမားတွေနဲ့မြို့နေဝန်ထမ်းတွေ၊ တိုင်းချစ်ပြည်ချစ်တပ်မတော်သားတွေ ပါဝင်လာနိုင်မယ့်နည်းလမ်းကို ကျနော်တို့ရွေးချယ်ဖို့ သိပ်အရေးကြီး ပါတယ်။ အဆုံးအဖြတ်လည်း ကျတဲ့ကိစ္စပါ။ တောမဲ (သို့မဟုတ်) ကျေးလက်ကလယ်သမားအများစုရဲ့ ဆန့်ကျင်ကန့်ကွက်မဲတွေရဖို့သိပ်အရေးကြီးပါတယ်။

ဦးတည်ချက်၊ ရည်မှန်းချက် ဘယ်လောက်မှန်ကန်ပြတ်သားနေပါစေ၊ လက်တွေ့လုပ်ဆောင်ရမယ့်နည်းလမ်းက လူထုလိုက်ပါနိုင်မယ့်နည်းနာ/နည်လမ်းမဟုတ်ဘူးဆိုရင် အောင်ပွဲရဖို့ခက်ခဲနေပါလိမ့်မယ်။

လူထုအများစုလက်တွေ့လိုက်ပါလုပ်ဆောင်နိုင်တဲ့နည်းလမ်းကို မညွှန်ပြဘူးဆိုရင် ဒါဟာကြီးလေးတဲ့ ရာဇဝတ်မှုကြူးလွန်တာပဲ ဖြစ်ပါတယ်။

ပြီးတော့ (နအဖ) စစ်အစိုးရက အဖက်ဖက်ကဖိနှိပ်ထားတာဖြစ်ပါတယ်။ ပြည်သူလူထုကို ရှေ့ဆောင်နိုင်တဲ့ အဖွဲ့အစည်း လူပုဂ္ဂိုလ်မှန်သမျှကို ဖမ်းဆီးထားသလို၊ (၅/၉၆) စတဲ့ တည်ဆဲဥပဒေဆိုတဲ့ ဖိနှိပ်ရေးပုဒ်မတွေ ရုပ်သိမ်းပေးခြင်းမရှိပါဘူး။ မဲရုံစနစ်၊ မဲပေးရမယ့်နည်းလမ်း၊ မဲရေတွက်မယ့်နည်းစနစ် အဆင့်ဆင့်ကိုလည်း သူတို့စိတ်ကြိုက်ဆောင်ရွက်ထားတာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကြံ့ခိုင်ရေး၊ အမျိုးသမီးရေးရာ၊ မီးသတ်၊ စွမ်းအားရှင်စတဲ့ လက်ကိုင်ဒုတ်တွေကို လည်းအသင့်ပြင်ထားပါတယ်။ ပြည်ပက ဘယ်လိုလေ့လာ စောင့်ကြည့်ရေးအဖွဲ့အစည်း၊ ပုဂ္ဂိုလ်မှန်သမျှကိုလည်း စောင့်ကြည့်လေ့လာခွင့်ပေးမထားပါဘူး။

မစ္စတာ ဂမ်ဘာရီကတဆင့် အဆိုပြုခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အချက် ၅ ချက်ကို ပယ်ချခဲ့ပြီမဟုတ်ပါလား။ ဆန္ဒခံယူပွဲနဲ့ ပတ်သက်တဲ့ မစ္စတာဂမ်ဘာရီရဲ့ အကြံပြုချက်မှန်သမျှကိုလည်းငြင်းပယ်ထားပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း ဒီကိစ္စကို ယခုအချိန်မှာ ဘယ်လိုမှ ထိရောက်တဲ့ အရေးယူဆောင်ရွက်နိုင်မှာ မဟုတ်ဘူးဆိုတာကိုလည်း (နအဖ) စစ်အစိုးရကတွက်ချက်ထားပါတယ်။ ဒီတော့(နအဖ) စစ်အစိုးရဟာ ကုလသမဂ္ဂက အဆိုပြုချက်တွေကို မိုက်မိုက်ကန်းကန်းပယ်ချ ဝံ့တာပဲဖြစ်ပါတယ်။

အခုချိန်ဟာ လုံခြုံရေးကောင်စီကဘယ်လိုအရေးယူမလဲဆိုတာကိုစောင့်နေရမယ့်အချိန်မဟုတ်ပါဘူး။

ဒီကနေ့လိုနိုင်ငံတကာ အခြေအနေအောက်မှာ လုံခြုံရေးကောင်စီ(ဗီတိုအာဏာပိုင် ၅ နိုင်ငံ) မှာ မြန်မာ့အရေးနဲ့ ပတ်သက်ပြီး တူညီတဲ့ ဆုံးဖြတ်ချက်ကျနိုင်တဲ့ အလားအလာမရှိပါဘူး။ နောက်ဆုံးမှာ (နအဖ) စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးဆိုတဲ့ အဓိကဦးတည်ချက်ကနေ သွေဖီသွားပြီး ရုရှားနဲ့တရုတ်ဆန့်ကျင်ရေးဆိုတဲ့ဘက်ကို ဦးတည်ချက်လွဲသွားစေနိုင်ပါတယ်။ ဒါဆိုရင် (နအဖ) စစ်အစိုးရစိတ်ကြိုက်ဖြစ်သွားစေပါလိမ့်မယ်။

ဒါကြောင့် ယခုလိုအချိန်မှာ ပြည်သူတွေလိုက်ပါလုပ်ဆောင်နိုင်မယ့်နည်းလမ်းဖြစ်တဲ့ မဲရုံသွားပြီး ဆန့်ကျင်မဲ ရဲရဲထည့်ဖို့ဆိုတဲ့နည်းလမ်းကို ကျနော်တို့တစ်သံတည်းလှုံ့ဆော်ကြဖို့လိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေနဲ့လည်း အချိန်ကိုက်/အချိန်မီ ချပြပေးဖို့လိုအပ်ပါတယ်။

– လူထုအားလုံးလိုက်ပါနိုင်မယ့်နည်းလမ်းညွှန်ပြစို့
– ဆန့်ကျင်မဲ ရဲရဲပေးကြစို့